MONTHLY
# NEWSLETTER

AYA SOMPO insurance

VOLUME [ 3 ]    1st - 31st MARCH - 2020


## Unleash your Potential with AYA SOMPO 02

「အာမခံထက်သာလွန်သောဝန်ဆောင်မှုများကိုပေးစွမ်းနိုင်ရန်နှင့်.....」

Corporate Planning Department

## မြန်မာနိုင်ငံ၏(၆)ကြိမ်မြောက်မြန်မာ–ဂျပန်ပွဲတော်တွင်ပါဝင်ခြင်း 04

Corporate Planning Department

## INDEMNITY (လျော်ကြေး) 05

「လျော်ကြေးဆိုသည်မှာပျက်စီးဆုံးရှုံးမှု သို့မဟုတ် ဆုံးရှုံးမှုအတွက်.....」

HR Department

## AYA SOMPO SPORTS DAY 07

「ဧရာဆွန်ပိုအာမခံကုမ္ပဏီရှိဝန်ထမ်းများ ကျန်းမာသန်စွမ်းပြီး အမန္တျများ ပြေလျော့စေရန်.....」

HR Department

## အနာဂတ်မှာ စိုးရိမ်ပူပင်ကြောင့်ကြမှုကင်းပြီး ပျော်ရွှင်စွာနဲ့ဖြတ်သန်းနိုင်ဖို့ AYA SOMPO Insurance မှာ မီးအာမခံ အကာအကွယ်ရယူလိုက်ပါ..... 09

Corporate Planning Department




No.23, Kan Yeik Thar Road,
Tha Pyay Gone Ward,
Mingalar Taung Nyunt Township,
Yangon(East), Yangon, Myanmar.

info@ami-insurance.com

**Customer Service:**
csinfo@ami-insurance.com

**Website Link:**
www.ami-insurance.com

+95-9-966662883

# Unleash your Potential with AYA SOMPO



> “အာမခံထက် သာလွန်သော ဝန်ဆောင်မှုများကို ပေးစွမ်းနိုင်ရန်နှင့် ကုမ္ပဏီ၏ အဓိက တန်ဖိုးထားသော လူ့စွမ်းအား အရင်းအမြစ်ကို တည်ဆောင်ရန် ” ဟူသော AYA SOMPO ၏ ရည်မှန်းချက်နှင့်အညီ ပြည်သူပြည်သားများအတွက် အလုပ်အကိုင် အခွင့်အလမ်းများစွာ ဖန်တီး ပေးနိုင်ရန်အတွက် ကျင်းပပြုလုပ်ခဲ့ခြင်းဖြစ်......

၂၀၂၀ ခုနှစ်၊ ဖေဖော်ဝါရီလ၊ (၂၁) ရက်နေ့တွင် AYA SOMPO အာမခံကုမ္ပဏီမှ "Unleash your Potential with AYA SOMPO" ခေါင်းစဉ်ဖြင့် အလုပ်အကိုင် အခွင့်အလမ်းနှင့် အာမခံဆိုင်ရာ ဗဟုသုတများ ပြောကြားခြင်း အခမ်းအနားကို မနက် ၉ နာရီ မှ ညနေ ၅ နာရီ အထိ Novotel Yangon Max (Mandalay Hall) ၌ ကျင်းပ ပြုလုပ်ခဲ့ပါသည်။

“အာမခံထက်သာလွန်သော ဝန်ဆောင်မှုများကို ပေးစွမ်းနိုင်ရန်နှင့် ကုမ္ပဏီ၏ အဓိကတန်ဖိုးထားသော လူ့စွမ်းအားအရင်းအမြစ်ကို တည်ဆောက်ရန်” ဟူသော AYA SOMPO ၏ ရည်မှန်းချက်နှင့်အညီ ပြည်သူပြည်သားများအတွက် အလုပ်အကိုင် အခွင့်အလမ်းများစွာ ဖန်တီးပေးနိုင်ရန်အတွက် ကျင်းပပြုလုပ်ခဲ့ခြင်း ဖြစ်ပါသည်။







အဆိုပါပွဲတွင် စိတ်ပါဝင်စား၍ လာရောက်ကြသူများအား Career Development အတွက် AYA SOMPO နှင့်အတူ လက်တွဲပူးပေါင်း ဆောင်ရွက်ခြင်းဖြင့် ရရှိနိုင်မည့် အခွင့်အရေးများကိုသာမက အာမခံဆိုင်ရာ ဗဟုသုတများကိုပါ သိရှိနားလည်နိုင်ရန်အတွက် General Manager ဦးကျော်မျိုးဝင်းမှ ရှင်းလင်း ပြောကြားပေးခဲ့ပါသည်။ အရှိန်အဟုန်နှင့် ဖွံ့ဖြိုးတိုးတက်လျက်ရှိသော အာမခံနယ်ပယ်တွင်စိတ်ပါဝင်စား၍ အလုပ် လုပ်ကိုင်လိုသူများအနေဖြင့်လည်း သိရှိလိုသည်များကို တိုက်ရိုက်မေး မြန်း သိရှိနိုင်ခဲ့ပြီး လူတွေ့အင်တာဗျူး စစ်ဆေးခြင်း နှင့်အတူ အလုပ်အကိုင် အခွင့်အလမ်းများကိုလည်းဖန်တီးပေးခဲ့ပါသည်။

Corporate Planning Department

---

AYA SOMPO insurance

**Your Partner for Life**




# မြန်မာနိုင်ငံ၏(၆)ကြိမ်မြောက် ဂျပန်–မြန်မာပွဲတော်တွင်ပါဝင်ခြင်း

မြန်မာနိုင်ငံရဲ့ (၆) ကြိမ်မြောက် ဂျပန်-မြန်မာပွဲတော်ကို ယနေ့ဖေဖော်ဝါရီလ (၉)ရက်နေ့ သုဝဏ္ဏဘူမိ Event Park မှာ ကျင်းပ ပြုလုပ်လျက်ရှိပါတယ်။ နာမည်ကျော် ဂျပန် Brand များနှင့် အခြားသောနယ်ပယ် အသီးသီးမှ Brand ပေါင်းများစွာကလည်း ဝင်ရောက်ပါဝင်ပြသလျက်ရှိပြီး AYA SOMPO အာမခံမှလည်း ချစ်ရသော မိတ်ဆွေများအား အာမခံနှင့် ပတ်သက်သော ဝန်ဆောင်မှုများပေးခဲ့ပါတယ်။










ထိုပွဲတွင် ပျော်ရွှင်စရာ ဂိမ်းကစားနည်းများနှင့် မေတ္တာလက်ဆောင်ပေးခြင်းများပြုလုပ်ခဲ့ပြီး လာရောက်ခဲ့ကြတဲ့ မိတ်ဆွေတို့ရဲ့ပုံရိပ်လေးတွေကို မျှဝေပေးလိုက်ပါတယ်။

Corporate Planning Department

# INDEMNITY
# (လျော်ကြေး)



လျော်ကြေး ဆိုသည်မှာ ပျက်စီးဆုံးရှုံးမှု သို့မဟုတ် ဆုံးရှုံးမှုအတွက် လျော်ကြေးဖြစ်သည်။ လျော်ကြေးပေးခြင်း သဘောတရားသည် ပါတီနှစ်ခုအကြား ချုပ်ဆိုထားသော စာချုပ်အပေါ် အခြေခံသည်။ စာချုပ်ချုပ်ဆိုသူ နှစ်ဦးအနက် တစ်ဦးသည် အခြားတစ်ဦးမှ ဖြစ်ပေါ်လာနိုင်သည့် ဆုံးရှုံးမှု သို့မဟုတ် ပျက်စီး ဆုံးရှုံးမှုများအတွက် ပေးချေရန် သဘောတူခြင်း ဖြစ်သည်။ အာမခံအခြေအနေတွင် လျော်ကြေးဆိုသည်မှာ အာမခံကုမ္ပဏီသည် အာမခံထားသူကို ဆုံးရှုံးမှု အတိုင်းအတာအပေါ် မူတည်ပြီး လျော်ကြေးပေးခြင်း ဖြစ်သည်။ ဤသည်တွင် လျော်ကြေး ပေးလျော်ရာတွင် အမြတ်အစွန်း ရသည်အထိ ထည့်သွင်း စဉ်းစားခြင်းမရှိစေရပေ။

> “ လျော်ကြေးပေးခြင်း သဘောတရားသည် ပါတီနှစ်ခုအကြား ချုပ်ဆိုထားသော စာချုပ်အပေါ် အခြေခံသည်။ စာချုပ်ချုပ်ဆိုသူ နှစ်ဦးအနက် တစ်ဦးသည် အခြားတစ်ဦးမှ ဖြစ်ပေါ်လာနိုင်သည့် ဆုံးရှုံးမှု သို့မဟုတ် ပျက်စီးဆုံးရှုံးမှုများအတွက် ပေးချေရန် သဘောတူခြင်း ဖြစ်သည်...... ”

## အကျိုးသက်ရောက်မှုများ

အချို့သောအာမခံအမျိုးအစားများသည် ငွေကြေးအရ တိကျစွာ တိုင်းတာမရနိုင်သော “ဆုံးရှုံးမှုများ” များလည်း ရှိသည်။ အသက်အာမခံနှင့် မတော်တဆထိခိုက်မှု အာမခံများအတွက် လျော်ကြေးပေးခြင်း ပေါ်လစီ (Indemnity policy) ထက် အာမခံအကျိုးကျေးဇူး ပေါ်လစီ (Benefit policy) နှင့် ပိုမိုသက်ဆိုင်သည်။ ထို့ကြောင့် လျော်ကြေးပေးအပ်မှုသည် အာမခံအမျိုးအစားအားလုံးကို တိုက်ရိုက် မသက်ဆိုင်နိုင်ပါ။

## လျော်ကြေးပေးခြင်းကို မည်သို့ ပေးသနည်း?

ပစ္စည်းဥစ္စာ ပိုင်ဆိုင်မှုအာမခံများအတွက် အောက်ဖော်ပြပါ နည်းလမ်း (၄)ခုအနက်မှ မည်သည့်နည်းဖြင့်မဆို ဆုံးရှုံးမှုကို ဖြေရှင်းပေးနိုင်သည် -

### (၁) ငွေပေးချေမှု

လျော်ကြေးငွေပေးချေမှုသည် အာမခံသူအတွက် အဆင်ပြေဆုံးနည်းလမ်းဖြစ်သည်။



### (၂) ပြင်ဆင်ခြင်း

ပြန်လည်ပြုပြင်မှုအား ငွေပေးချေခြင်းသည် ပုံမှန်စံနှုန်းဖြစ်သည်။




### (၃) အစားထိုးခြင်း

တန်ဖိုးတူ သို့မဟုတ် တန်ဖိုးအနည်းငယ်သာ လျော့နည်းသော ပစ္စည်းကို အစားထိုးပေးလျော်ခြင်းသည်လည်း ကောင်းမွန်သော နည်းလမ်းတစ်ခု ဖြစ်သည်။



### (၄) မူလအခြေအနေသို့ ပြန်လည်ရောက်ရှိအောင် ဆောင်ရွက်ခြင်း

ဤသည်မှာ အာမခံတွင် အဓိပ္ပာယ်များစွာရှိသော စကားလုံးဖြစ်သည်။ လျော်ကြေးပေးခြင်း နည်းလမ်းတစ်ခုအနေဖြင့် အာမခံထားသည့် ပစ္စည်းပျက်စီးခြင်း သို့မဟုတ် ပျက်စီးခြင်းမတိုင်မီ မူလအခြေအနေသို့ ပြန်လည်ရောက်ရှိစေရန် ဆောင်ရွက်ခြင်းဖြစ်သည်။

### ကျန်ရှိသည့် ပစ္စည်း

ဆုံးရှုံးမှုပမာဏ အတိအကျကို တိုင်းတာသည့်အခါ၊ အချို့သော ပစ္စည်းဥစ္စာ ပျက်စီးမှုတွင်၊ ပျက်စီးသွားသော အရာဝတ္ထု၏ ကျန်ရှိသော အရာတစ်ခုခုရှိနိုင်သည်။ ဥပမာအားဖြင့် မီးလောင်ကျွမ်းသွားသော၊ ပျက်စီးသွားသော ကုန်ပစ္စည်းများ၊ ယာဉ်၊ အဆောက်အဦး အစရှိသည်တို့ဖြစ်သည်။ ထိုအခါတွင် လျော်ကြေးပေးအပ်ရန် စဉ်းစားတွက်ချက်ရာတွင် ပျက်စီးခြင်း၊ ထိခိုက်ခြင်းမရှိသော အပိုင်းများ၊ ကုန်ပစ္စည်းများကို ထည့်သွင်း စဉ်းစားရမည်ဖြစ်သည်။

HR Department

# AYA SOMPO SPORTS DAY



**ရောဆွန်ပိုအာမခံကုမ္ပဏီရှိ ဝန်ထမ်းများ ကျန်းမာသန်စွမ်းပြီး Stress များ ပြေလျော့စေရန်၊ လုပ်ငန်းခွင်ဆောင်ရွက်မှု ပိုမိုတိုးတက်စေရန် ရည်ရွယ်၍ HR Department မှ ဦးဆောင်စီစဉ်သော AYA SOMPO SPORTS DAY.......""**

ရောဆွန်ပိုအာမခံကုမ္ပဏီရှိ ဝန်ထမ်းများ ကျန်းမာသန်စွမ်းပြီး Stress များ ပြေလျော့စေရန်၊ လုပ်ငန်းခွင်ဆောင်ရွက်မှု ပိုမိုတိုးတက်စေရန် ရည်ရွယ်၍ HR Department မှ ဦးဆောင်စီစဉ်သော AYA SOMPO SPORTS DAY ကို ၂၀၂၀ ခုနှစ်၊ ဖေဖော်ဝါရီလ (၂၂) ရက် နေ့တွင် ကျိုက္ကဆံအားကစားကွင်း၌ ကျင်းပပြုလုပ်ခဲ့ပါသည်။ အဆိုပါပွဲတွင် AYA SOMPO Insurance မှ တာဝန်ရှိလူကြီးများ၊ AYA FINANCIAL GROUP ဖြစ်သော AYA BANK နှင့် AYA Trust Company ရှိ တာဝန်ရှိလူကြီးမင်းများ၊ Max Myanmar မှ တာဝန်ရှိလူကြီးမင်းများမှ တက်ရောက်အားပေးခဲ့ကြပါသည်။











"ဝန်ထမ်းများ လုပ်ငန်းခွင်အတွင်း ကျန်းမာ ဖျတ်လတ်စေရန်၊ လုပ်ငန်းခွင်နှင့် လူနေမှုဘဝ မျှတစေရန်၊ ဝန်ထမ်းအချင်းချင်း ကောင်းမွန်သော Teamwork ရှိစေရန်နှင့် လုပ်ငန်းခွင် ပိုမို ခေတ်မီတိုးတက် စေရန် ရှေ့ရှု၍ အမြဲဆန်းသစ်သော Employee Engagement Program များပြုလုပ်ပေးလျက်ရှိ......"

အဆိုပါပွဲနေ့တွင် ရောဆွန်ပိုအာမခံ၏ CEO ဦးမျိုးမင်းသူမှ အဖွင့်အမှာစကား ပြောကြားခဲ့ပြီးနောက် တက်ရောက်လာသူများအားလုံးမှ Zumba ကိုယ်လက်လှုပ်ရှားမှု Activity ကို ပူးပေါင်းပါဝင် ဆောင်ရွက်ခဲ့ကြသည်။ ရောဆွန်ပို အာမခံဝန်ထမ်းများမှ Team အလိုက် မီတာ (၁၀၀)၊ မီတာ (၂၀၀)၊ လက်ဆင့်ကမ်း မီတာ (၈၀၀)၊ အဖွဲ့အလိုက် လွန်ဆွဲခြင်း၊ Dodge Ball ကစားခြင်းနှင့် ဘောလုံးကန်ခြင်း စသည့် ကစားနည်းများကို ရင်းနှီးပျော်ရွှင်စွာ ကစားခဲ့ကြပါသည်။ ထို့အပြင် Management Team မှလည်း ဝန်ထမ်းများနှင့်အတူ Team Building Activities ကို အတူတကွ ပျော်ရွှင်စွာ ပါဝင်ကစားခဲ့ကြပါသည်။ Team work အနေဖြင့် အားကစား အမျိုးအစားအလိုက် အနိုင်ရရှိသူများကို Team အလိုက် အမှတ်များပေးခဲ့ပြီး ရမှတ်များအပေါ် မူတည်၍ Team အလိုက် ဆုဖလားများကို အသီးသီး ချီးမြှင့်ပေးခဲ့ပါသည်။





HR Department အနေဖြင့် ဝန်ထမ်းများ လုပ်ငန်းခွင်အတွင်း ကျန်းမာ ဖျတ်လတ်စေရန်၊ လုပ်ငန်းခွင်နှင့် လူနေမှုဘဝ မျှတစေရန်၊ ဝန်ထမ်းအချင်းချင်း ကောင်းမွန်သော Teamwork ရှိစေရန်နှင့် လုပ်ငန်းခွင် ပိုမိုခေတ်မီတိုးတက်စေရန် ရှေ့ရှု၍ အမြဲဆန်းသစ်သော Employee Engagement Program ပြုလုပ်ပေးလျက်ရှိပါသည်။ HR Department အနေဖြင့်လည်း တက်ရောက်ပေးပါသော တာဝန်ရှိလူကြီးမင်းများနှင့်အတူ ပူးပေါင်းပါဝင် ကူညီပေးပါသော သက်ဆိုင်ရာဌာနအလိုက် လူကြီးမင်းများနှင့် တက်ကြွပျော်ရွှင်စွာ ပါဝင် ကစားပေးပါသော Team အလိုက် ကစားသမားများအား အထူးပင်ကျေးဇူးတင်ရှိပါကြောင်း ပြောကြားရင်း AYA SOMPO SPORTS DAY Program ရဲ့ပျော်ရွှင်ဖွယ်ရာ ပုံရိပ်များကို ဝေမျှလိုက်ပါသည်။

HR Department

# အနာဂတ်မှာ စိုးရိမ်ပူပင်ကြောင့်ကြမှုကင်းပြီး ပျော်ရွှင်စွာနဲ့ဖြတ်သန်းနိုင်ဖို့
# AYA SOMPO မှာမီးအာမခံ အကာအကွယ်ရယူလိုက်ပါ.....

ဘေးအန္တရာယ်အမျိုးမျိုးဆိုသည်မှာ ရှောင်လွှဲလို့မရတဲ့ အရာတစ်ခုဖြစ်လို့ ကြိုတင် ပြင်ဆင်ထားတာ အကောင်းဆုံးပါ။

AYA SOMPO အာမခံမှာ မိတ်ဆွေတို့ရဲ့ နေအိမ်၊ အဆောက်အအုံနှင့် ပိုင်ဆိုင်သော ဥစ္စာပစ္စည်းတွေကို မီးဘေးအန္တရာယ်နှင့် ကြိုတင်မမြင်နိုင်တဲ့ ဘေးအန္တရာယ် အမျိုးမျိုးမှ ကာကွယ်ပေးနိုင်တဲ့ အာမခံ အမျိုးအစားတွေ ရှိနေပါတယ်။

ဆုံးရှုံးသွားသော အဆောက်အဦးများအား ပြင်ဆင်ခြင်း၊ ပြုပြင်ခြင်းနှင့် တည်ဆောက်ခြင်းတို့မှ ကုန်ကျသော ငွေကြေးတန်ဖိုးနှင့် အဆောက်အဦး၊ စက်ရုံနှင့် သိုလှောင်ရုံအတွင်းရှိ ရွှေ့လျားနိုင်သော ပစ္စည်းများ၊ မရွှေ့လျားနိုင်သော ပစ္စည်းများဖြစ်သော ပရိဘောဂများ၊ စက်ပစ္စည်းများနှင့် အဆောက်အဦးများကို အကာအကွယ် ပေးပါသည်။

ဆုံးရှုံးသွားသော အရာများအတွက် ငွေကြေးဆုံးရှုံးမှုများကို ပေးလျော်ခြင်းမှ ရရှိနိုင်မည်ဖြစ်သောကြောင့် အနာဂတ်မှာ စိုးရိမ်ပူပင် ကြောင့်ကြမှုကင်းပြီး ပျော်ရွှင်မှုတွေနဲ့ ဖြတ်သန်းနိုင်ဖို့ မိတ်ဆွေရဲ့ ပိုင်ဆိုင်မှုတွေကို အခုပဲ AYA SOMPO မှာ မီးအာမခံ အကာကွယ်ရယူထားလိုက်ပါ။

အသေးစိတ်သိရှိလိုပါက Message Box တွင် အသေးစိတ် မေးမြန်းနိုင်သလို AYA SOMPO အာမခံ၏ Customer Service Hotline 09 966662883 ကို ဆက်သွယ် မေးမြန်းနိုင်ပါတယ်။

AYA SOMPO Insurance - Your Partner for Life

Corporate Planning Department

